## The Commemoration of All the Faithful Departed (All Souls) (Nov 02, 2014)

**1st READING:** ***Wisdom 3:1-9***

ပညာပါရမီကျမ်း ၃း ၁–၉

ဖြောင့်မတ်သောသူတို့၏ဝိညာဉ်တို့သည်ဘုရားသခင်၏လက်တော်တွင်ရှိကြ၍မည်သည့်ဘေးဒုက္ခမျှသူတို့ကိုမထိရပေ။အသိတရားမဲ့သူတို့၏အမြင်အရထိုသူတို့သည် သေကြဟန်ရှိ၍၊သူတို့၏ထွက်ခွာသွားခြင်းကိုဆင်းရဲဒုက္ခဟုထင်မြင်ကြ၏။ငါတို့ထံမှသူတို့ခွဲခွာသွားကြခြင်းသည်ဖျက်ဆီးခြင်းခံရသကဲ့သို့ဖြစ်ပေ၏။သို့သော်သူတို့သည်အေးချမ်းသာယာသောအခြေအနေ၌ရှိကြကုန်၏။ လူတို့အမြင်အရမူသူတို့သည်ဒဏ်ခံရဟန်ရှိသော်လည်းသူတို့၏ မျှော်လင့်ချက်သည် သေခြင်းတရားကင်းမဲ့သောသဘော နှင့် ပြည့်လျက်ရှိ၏။ဝေဒနာအနည်းငယ်ခံရသော်လည်းသူတို့ရရှိမည့်ကောင်းချီးမင်္ဂလာများသည်ကြီးမားလှပေ၏။ဘုရားသခင်သည်သူတို့ကိုစုံစမ်းတော်မူရာ၌သူတို့သည်ကိုယ်တော်နှင့်ထိုက်တန်ကြောင်းတွေ့မြင်တော်မူ၏။ မီးဖိုထဲမှာရွှေကိုသန့်စင်ရသကဲ့သို့သူတို့ကိုစမ်းသပ်တော်မူ၍၊မီးရှို့ရာယဇ်ပူဇော်သက္ကာကဲ့သို့သူတို့ကို လက်ခံတော်မူ၏။ကိုယ်တော်သည်သူတို့ကိုအကြည့်အရှုပြုရန်ကြွလာတော်မူမည့်အချိန်တွင်သူတို့သည်ရိုးပြတ်ငုတ်များကိုလောင်သောမီးတောက်မီးလျှံကဲ့သို့ ထွန်းလင်း တောက်ပကြလိမ့်မည်။ သူတို့သည်တိုင်းနိုင်ငံများကိုတရားစီရင်၍လူမျိုးတကာတို့ကိုအုပ်ချုပ်ကြလိမ့်မည်။ဘုရားသခင်သည်သူတို့၏ဘုရင်အဖြစ် အစဉ်ထာဝရအုပ်စိုးတော်မူလိမ့်မည်။ကိုယ်တော်ကိုယုံကြည်အားကိုးသောသူတို့သည်အမှန်တရားကိုနားလည်ကြလိမ့်မည်။သစ္စာရှိသောသူတို့သည်ကိုယ်တော်နှင့်အတူချစ်ခြင်းမေတ္တာတော်၌နေကြလိမ့်မည်။အဘယ်ကြောင့်ဆိုသော်ကျေးဇူးတော်နှင့်ကရုဏာတော်တို့သည်ကိုယ်တော်ရွေးကောက်တော်မူသောသူတော်သူမြတ်တို့အပေါ်မှာသက်ရောက်လိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  23:1-3A, 3B-4, 5-6

ဆာလံကျမ်း ၂၃

**သံပြိုင်။** ။ ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏ ။ငါ၌လိုလေသေးရှိမည်မဟုတ်။

R. (1) **The Lord is my shepherd; there is nothing I shall want.**

၁။ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏ ။ငါ၌လိုလေသေးရှိမည်မဟုတ်။ကိုယ်တော်သည်ငါ့အားစိမ်းလန်းသောစားကျက်များ၌နားနေစေတော်မူ၍၊ငြိမ်သက်သာယာသောမြစ်ချောင်းများအနီးသို့လမ်းပြခေါ်ဆောင်တော်မူ၏ ။ **သံပြိုင်။**

The LORD is my shepherd; I shall not want. In verdant pastures he gives me repose; beside restful waters he leads me; he refreshes my soul.

၂။ ကိုယ်တော်၏နာမတော်အဖို့အလို့ငှါ ငါ့အားလမ်းမှန်ကို ပြတော်မူ၏ ။ သေခြင်း၏အရိပ်လွှမ်းမိုးသောချိုင့်ဝှမ်းအတွင်း၌ ငါ လျှောက်လှမ်း ရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ရွံ့ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် တပည့်တော်နှင့်အတူရှိတော်မူ၍ ကိုယ်တော်၏လှံတံ တော် နှင့်တောင်ဝှေးတော်တို့သည် တပည့်တော်ကို နှစ်သိမ့်မှုပေးပါ၏ ။ **သံပြိုင်။**

He guides me in right paths for his name’s sake. Even though I walk in the dark valley I fear no evil; for you are at my side with your rod and your staff that give me courage.

၃။တပည့်တော်အသက်ရှင်နေရသည့်နေ့ရက်များအားလုံး၌ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့်သနားကရုဏာတော်သည်တပည့်တော်နှင့်အတူဧကန်မုချရှိပါလိမ့်မည် ။တပည့်တော်သည်ထာဝရဘုရား၏အိမ်တော်တွင်ဘဝသက်တာတစ်လျှောက် လုံးနေရပါလိမ့်မည်။ **သံပြိုင်။**

Only goodness and kindness follow me all the days of my life; and I shall dwell in the house of the LORD for years to come.

**2nd READING:** ***Romans 5:5-11***
ရောမသြဝါဒစာ ၅း၅–၁၁

ထိုမျှော်လင့်ခြင်းသည် ငါတို့အားစိတ် ပျက်စေလိမ့်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါတို့အားပေးတော်မူသော သန့် ရှင်းသောဝိညာဉ်တော်အားဖြင့် ငါတို့၏စိတ်နှလုံးထဲသို့ ကိုယ်တော်၏မေတ္တာတော်ကို သွန်းလောင်းတော် မူသောကြောင့်ဖြစ်၏။ ငါတို့သည် ခိုကိုးရာမဲ့ဖြစ်နေစဉ်တွင် သတ်မှတ်ထားသောအချိန်၌ခရစ်တော်သည် ဆိုးယုတ်သောသူတို့အတွက် အသေခံတော်မူ၏။ ဖြောင့်မတ်သော သူတစ်ယောက်အတွက်ကြောင့် အသေခံမည့်သူမရှိသလောက်ဖြစ်၏။သူတော်ကောင်းတစ်ယောက်အတွက်ကြောင့် အသေခံဝံ့သောသူပင် ရှိကောင်းရှိလိမ့်မည်။ သို့ရာတွင် ငါတို့သည်အပြစ်သားများဖြစ်နေသောအခါ၌ပင် ခရစ်တော်သည် ငါ တို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ဘုရားသခင်သည်ငါတို့အားမည်မျှလောက်ချစ်တော်မူသည် ကို ထင်ရှားစွာပြတော်မူ၏။ သို့ရာတွင် ယခုတွင် ငါတို့သည် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခဲ့ပြီး ထိုသခင်အားဖြင့် ဘုရားသခင်၏အမျက်တော်မှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည် အကြောင်း သာ၍ မျှော်လင့်စရာရှိ၏။ အကြောင်းမူ ကား၊ ငါတို့သည် ဘုရားသခင်၏ရန်သူများဖြစ်ကြ သော်လည်း သားတော်၏အသေခံတော်မူခြင်းအား ဖြင့် ဘုရားသခင်နှင့်ပြန်လည်ကျေအေးသင့်မြတ်လာ ကြသည်ဖြစ်ရာ ငါတို့သည် ယခုပြန်လည်သင့်မြတ်ကြသည်ထက် သားတော်၏အသက်တော်အားဖြင့် ငါတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟု သာ၍မျှော်လင့်စရာရှိ၏။ ထိုမျှမကသေးဘုရားသခင် သည် ငါတို့အား ကိုယ်တော်၏မိတ်ဆွေဖြစ်စေတော်မူသော အမှုကြောင့် ငါတို့သည်ဝမ်းမြောက်ခြင်းရှိကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *John 6:37-40*

ရှင်မာတေဦးဧဝံဂေလိကျမ်း ၂၅း ၃၁–၄၆

ငါ့အားခမည်းတော်ပေးသမျှ အားလုံးသည် ငါ့ထံသို့ လာလိမ့်မည်။ ငါ့ထံသို့လာသောသူကိုလည်းငါသည် အပြင်သို့နှင်ထုတ်လိမ့်မည်မဟုတ်။ အကြောင်းမူကားငါ၏အလိုကိုဆောင်ရွက်ရန်မဟုတ်၊ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်ကိုဆောင်ရွက်ရန်ငါသည်ကောင်းကင်မှဆင်းလာ၏။ ငါ့ကိုစေလွှတ်တော်မူသောငါ့ခမည်းတော်၏အလိုတော်သည်ကားငါ့အား ကိုယ်တော် ပေးထားတော်မူ သောအရာတစ်စုံတစ်ခုမျှ မဆုံးရှုံးစေရဘဲ နောက်ဆုံး သောနေ့ရက်၌ ထမြောက်စေခြင်းငှါ ဖြစ်သတည်း။ အကြောင်းမူကား ငါ့ခမည်းတော်၏ အလိုတော်သည် ကား သားတော်ကို ဖူးမြင်၍ သူ့ကိုယုံကြည်သောသူ တိုင်းသည် ထာဝရအသက်ကိုရစေမည့်အကြောင်းဖြစ် သတည်း။ ငါသည်လည်း ထိုသူကို နောက်ဆုံးသော နေ့၌ ထမြောက်စေမည်ဟုမိန့်တော်မူ၏။